# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 29 , 2024 | Volume 74, Number 19

၂၉.၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၄.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၉.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၀၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၆၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၀၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှု ဖေဖော်ဝါရီလ စတင်မည်

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုမှာ Special Rupee Vostro Account (SRVA) ကို အသုံးပြုပြီး ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို လာမည့်ဖေဖော်ဝါရီလမှာ စတင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

"SRVA ကို အသုံးပြုပြီး ငွေပေးချေမှုလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guide Line) ကို သက်ဆိုင်ရာဌာနတွေရဲ့ သဘောထားမှတ်ချက်တွေ တောင်းခံပြီး ထုတ်ပြန်ပြီးဖြစ်လို့ ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှု စတင်နိုင်တော့မှာပါ" ဟု ၎င်းက ပြောသည်။

ရူပီး/ကျပ် ပေးချေမှုအတွက် မြန်မာဘက်က UAB ဘဏ်နဲ့ CB ဘဏ်၊ အိန္ဒိယဘက်က ပန်ဂျပ်အမျိုးသားဘဏ်တို့ကို ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) အဖြစ် ရွေးချယ်ထားသည်။

အိန္ဒိယနိုင်ငံကနေ အဓိကတင်သွင်းနေသည့် ဆေးဝါးနဲ့ကုန်စည်များအတွက် ပေးချေရသော အမေရိကန်ဒေါ်လာ လိုအပ်ချက်ကို လျော့နည်းသွားမည်ဟု ဗဟိုဘဏ် ဥက္ကဋ္ဌက ဆိုသည်။

မြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၊ အိန္ဒိယကုန်သည်များ အသင်းတို့နဲ့ ပူးပေါင်းပြီးရှင်းလင်းပွဲတွေ ဆက်လက်ဆောင်ရွက်သွားရန်လည်း ရှိကြောင်းသိရသည်။

ထို့ပြင် ကုန်သွယ်မှုအတွက် ငွေပေးချေမှု ပိုမိုလွယ်ကူစေခြင်း၊ ကုန်သည်စီးဆင်းမှု ပိုမိုအားကောင်းလာပြီး ထင်သာမြင်သာရှိလာစေခြင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးတွေ ရရှိစေမည်ဖြစ်သည်။

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်ရေး တမူးကုန်သွယ်ရေးစခန်းကနေ အပြန်အလှန်ဆောင်ရွက်နေပြီး ၂၀၂၃ ဧပြီလ ၁ ရက်မှ ၂၀၂၄ ဇန်နဝါရီလ ၁၉ ရက်အထိ ဒေါ်လာ ၁ ဒသမ ၈၈၉ သန်း ပမာဏရှိသည့် ပို့ကုန်၊ ဒေါ်လာ ဝ ဒသမ ၈၂၆ သန်း ပမာဏရှိ ကုန်ပစ္စည်းတင်သွင်းထားသည်။

လက်ရှိမှာ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးမှာ ကျပ်/ယွမ်၊ မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးမှာ ကျပ်/ဘတ် တိုက်ရိုက်ပေးချေပြီး နှစ်နိုင်ငံကုန်သွယ်မှုကို ပြုလုပ်လျက်ရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## တရုတ်ဝယ်လိုအားကြောင့် မြေပဲဈေး အတက်ဘက်ဦးတည်



တရုတ်ဝယ်လက်တွေနဲ့ ပြည်တွင်းဆီစက်တွေရဲ့ ဝယ်လိုအားကောင်းလာလို့ မြေပဲဈေးနှုန်းတွေ အတက်ဘက် ပြန်လည်ရောက်ရှိလာကြောင်း မန္တလေးကုန်စည်ဒိုင်ကနေ သိရပါတယ်။

ဇန်နဝါရီလ ၁ ရက်က အမျိုးအစားပေါ်မူတည်ကာ မြေပဲဆန်ဈေးမှာ တစ်ပိဿာ ကျပ် ၅၈၀၀ ကနေ ကျပ် ၇၅၀၀ ကြားဈေးရှိခဲ့ပြီး ဇန်နဝါရီလ ၂၆ ရက်မှာတော့ အမျိုးအစားအလိုက် မြေပဲဆန် တစ်ပိဿာ ကျပ် ၆၃၅၀ ကနေ ၈၃၀၀ ကျပ်အထိ မြင့်တက်လာခဲ့ပါတယ်။

မြေပဲဆန် တစ်တန်ဈေးကလည်း ဇန်နဝါရီလ ၁ ရက်မှာ ကျပ် ၃၅ သိန်းကျော်ကနေ ၄၆ သိန်းနီးပါးဈေးရှိခဲ့ပြီး ဇန်နဝါရီလ ၂၆ ရက်မှာတော့ မြေပဲဆန်တစ်တန် ကျပ် ၃၈ သိန်းကျော်ကနေ ၅၁ သိန်းနီးပါးအထိ ဈေးတက်လာတာကို တွေ့ရှိရပါတယ်။

ပြည်တွင်းပြည်ပဝယ်လိုအားကောင်းလို့ ၂၀၂၃ ခုနှစ် ဩဂုတ်လမှာ တစ်ပိဿာ ၇၅၅၀-၁၁၀၀၀ ကျပ်ဈေး စံချိန်တင်မြင့်တက်ခဲ့ပြီးနောက် ယခုအခါ အတက်ဘက်ကို ပြန်လည်ရောက်ရှိလာတာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံက နှမ်း၊ မြေပဲဆန်အပါအဝင် ဆီထွက်သီးနှံများကို ပြည်ပနိုင်ငံတွေထံ တင်ပို့လျက်ရှိပါတယ်။ လက်ရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ၉ လအတွင်း ပင်လယ်ရေကြောင်းနဲ့နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းတွေကနေ နိုင်ငံခြားဈေးကွက်ထံ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၉၅၄ သန်းတန်ဖိုးရှိတဲ့ မြေပဲဆန် ကီလိုဂရမ် ၁၁၀၀၀ ကျော် တင်ပို့ထားပါတယ်။

မြေပဲအဓိကစိုက်ပျိုးတဲ့ ဒေသတွေကတော့ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့ ဖြစ်ပါတယ်။

မြေပဲသီးနှံမှာ ဆီဓာတ်ပါဝင်မှု အများဆုံးဖြစ်ပြီး စားသုံးဆီအတွက် အဓိကထား အသုံးပြုရုံသာမက ဆီပါဝင်မှုသင့်တင့်ပြီး အစေ့အဆန်ကြီးတဲ့ မြေပဲမျိုးတွေကို မြေပဲထောပတ်၊ မြေပဲယို၊ မြေပဲလှော်၊ မြေပဲပွကြော်ပြုလုပ်ရာမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါတယ်။

**Source: BETV Business**

## ဇန်နဝါရီလ စတုတ္ထပတ် ကုန်စည်ဈေးနှုန်းများ




မန္တလေးနဲ့ရန်ကုန်ဈေးကွက်ရဲ့ ကုန်စည်ဒိုင်ကြီးတွေမှာ အရောင်းအဝယ် ဖြစ်ခဲ့တဲ့ ဈေးနှုန်းတွေဖြစ်ပါတယ်။

ပြောင်းဈေး ဆက်တိုက်ကျဆင်းလာသလို ကုလားပဲလည်း ဈေးကျပါတယ်။ အရင်အပတ်ကဈေးကျခဲ့တဲ့ မတ်ပဲက ခုတစ်ပတ်မှာ ပြန်တက်လာပြီး ပဲစင်းငုံက ဆက်တိုက်မြင့်တက်လာပါတယ်။ စားတော်ပဲကတော့ ဈေးကျလာပါတယ်။

**မတ်ပဲ**

မတ်ပဲက အရင်အပတ်တုန်းက အတက်အကျ မတည်ငြိမ်ဘဲ အကျဘက်မှာရှိခဲ့ပေမဲ့ ခုတစ်ပတ်မှာတော့ ဈေးဆက်တိုက်ပြန်တက်လာပါတယ်။ အိန္ဒိယဘက်က အဝယ်လိုက်လို့ မတ်ပဲဈေးပြန်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင် ဈေးကွက်မှာ ခုတစ်ပတ်က မတ်ပဲ FAQ တစ်တန်ကို သိန်း ၃၀,၅၇,၅၀၀ ကျပ်ဈေးရှိပြီး အရင်အပတ်ကထက် တစ်တန်ကို ကျပ် ၁,၀၀,၀၀၀ ဝန်းကျင် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း အခုတစ်ပတ်မှာ ပိဿာ ၆၀ ကို အမြင့်ဆုံး ၂,၈၇,၀၀၀ ကျပ်ရှိလို့ အရင်ပတ်ကထက် ၅၀၀၀ ကျပ် တက်လာပါတယ်။

ဟင်္သာတကုန်စည်ဒိုင်မှာ ပိဿာ ၂၀ ကို ၉၈,၅၀၀ ကျပ်နဲ့ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမှာ မတ်ပဲပိဿာ ၂၀ ကို ၁,၀၀,၀၀၀ ကျပ်၊ ပြည်ကုန်စည်ဒိုင်မှာ ၉၈,၂၀၀ ကျပ်အထိ တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီဈေးကွက်ကတော့ ဆက်တိုက်မြင့်တက်လာနေတာဖြစ်ပါတယ်။ အိန္ဒိယဘက်က ပဲစင်းငုံနီလိုအပ်ချက် မြင့်နေတာကြောင့် ဝယ်လိုအားကောင်းတဲ့အတွက် ဈေးကမြင့်တက်လာတာပါ။ ဆက်ပြီးတက်နိုင်ဦးမယ်လို့ ကုန်သည်တွေက သုံးသပ်ထားပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ယခုအပတ်က ပဲစင်းငုံနီ တစ်တန်ကို ၃၈,၀၀,၀၀၀ သိန်းအထိ မြင့်တက်လာပြီး အရင်အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၂,၂၇,၅၀၀ ကျပ်အထိ တက်လာတာဖြစ်ပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပဲစင်းငုံနီ တစ်အိတ်ကို ၃,၅၃,၀၀၀ ကျပ်မှ ၃,၅၅,၀၀၀ ကျပ်အထိ ဈေးရှိပြီး အရင်အပတ်ကထက် ၁၆,၀၀၀ မှ ၁၇,၀၀၀ ကျပ်နီးပါး တက်လာတာဖြစ်ပါတယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကတော့ ယခုအပတ်မှာလည်း မန္တလေးနဲ့ရန်ကုန်ဈေးကွက်မှာပါ ဈေးနှုန်းကျဆင်းလာပြီး အရောင်းအဝယ်လည်း အေးနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ အရင်အပတ်က ပြောင်းဆန်တစ်ပိဿာကို ၁၁၆၀ မှ ၁၁၈၀ ကျပ်အထိရှိခဲ့ပြီး ယခုအပတ်မှာတော့ တစ်ပိဿာကို ၁၁၃၀ မှ ၁၁၅၀ ကျပ်အထိသာရှိလို့ တစ်ပိဿာကို ၃၀ ကျပ် ထပ်မံကျဆင်းလာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပြောင်း ၅၄ ပိဿာတစ်အိတ်ကို ပြောင်း (cp) က ၅၅,၀၀၀ မှ ၅၆,၀၀၀ ကျပ်ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ၅၀၀၀မှ ၁၀၀၀ ကျပ်ကျဆင်းလာပါတယ်။ ပြောင်း (ဗမာ) က ၅၄,၀၀၀ မှ ၅၄,၅၀၀ ကျပ်ပေါက်ဈေးရှိပြီး ၅၀၀ ကျပ် ကျဆင်းလာကာ ပြောင်း (ရှမ်း)က ၅၆,၀၀၀ မှ ၅၆,၅၀၀ ကျပ် ရှိပြီး ၁၀၀၀ ကျပ် ဈေးကျလာပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ယခုအပတ် ရန်ကုန်ဈေးကွက်နဲ့ မန္တလေးကုန်စည်ဈေးကွက်မှာပါ ဈေးကျဆင်းပါတယ်။ ကုလားပဲက အသစ်ပေါ်ချိန်နီးလာတာကြောင့် ဈေးကအတက်အကျတည်ငြိမ်မှုမရှိဘဲ အကျဘက်ကို ရောက်လာတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ကုလားပဲဖြူလုံး တစ်ပိဿာကို ၄၉၁၅ မှ ၅၀၈၅ ကျပ်၊ ကုလားပဲဖြူလုံးကြီးကလည်း တစ်ပိဿာကို ၅၁၆၅ မှ ၅၂၅၀ ကျပ်ဈေးရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ်မှ ၂၅၀ ကျပ် ဈေးကျလာပါတယ် ။

မန္တလေးဈေးကွက်မှာလည်း ကုလားပဲ v2 က ၃,၀၀,၀၀၀ မှ ၃,၀၃,၀၀၀ ကျပ်ရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ၈၀၀၀ ကျပ် ကျလာသလို ကုလားပဲ v7ကလည်း ၃,၁၀,၀၀၀ ကျပ်ဈေး ပေါက်ပြီး ၅၀၀၀ ကျပ်ဈေးကျဆင်းလာပါတယ်။ ကုလားပဲ 929 ကတော့ ၂,၈၂,၀၀၀ မှ ၂,၈၈,၀၀၀ ကျပ်ဈေးပေါက်ပြီး တစ်အိတ်ကို ၂၀၀၀ မှ ၆၀၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

**စားတော်ပဲ**

စားတော်ပဲက ယခုအပတ် ရန်ကုန်မှာ ဈေးငြိမ်နေပေမယ့် မန္တလေးဈေးကွက်မှာ ဈေးထပ်ကျလာပါတယ်။ စားတော်ပဲက ပြည်တွင်းစားသုံးမှုသာအဓိကဖြစ်လို့ ပြည်တွင်းဝယ်လိုအား၊ စားသုံးအား၊ လက်ကျန်အခြေအနေပေါ်လိုက်ပြီး ဈေးက အတက်အကျရှိနေတာဖြစ်ပါတယ်။

မန္တလေးကုန်စည်ဈေးကွက်မှာ စားတော်ပဲ (ကနေဒါ) ၅၉ ဒသမ ၂၅ ပိဿာကို ၂,၆၀,၀၀၀ မှ ၂,၆၂,၀၀၀ ကျပ် ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်ကထက် ၃၀၀၀ ကျပ်ဈေးကျလာပြီး ပြည်တွင်းထွက်စားတော်ပဲ (ကျွန်း )က ၃,၁၀,၀၀၀ မှ ၃,၅၀,၀၀၀ ကျပ်ဈေးရှိပြီး ၁၀,၀၀၀ ကျပ် ဈေးကျလာပါတယ်။ ရန်ကုန်ဈေးကွက်မှာ တစ်ပိဿာကို ၆၁၆၅ ကျပ်ကနေ ၆၆၇၀ ကျပ်ရှိပြီး ဈေးငြိမ်နေပါတယ်။

**Source: AMIA**

https://t.me/htwettoe

## မန္တလေးပဲတီစိမ်းဈေးကွက် မြင့်တက်လာ



တရုတ်နှစ်သစ်ကူးနီးလာတာကြောင့် ပဲတီစိမ်းနှင့်အတူ နှမ်းမျိုးစုံ၊ မြေပဲဆန်တို့ အနည်းငယ် ဈေးမြင့်တက်လာခဲ့သည်။


မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် တရုတ်နှစ်သစ်ကူး ကာလနီးလာတာကြောင့် တရုတ်ကုန်သည်များ အဝယ်လိုက်လာသည့် ပဲအမည်များတွင် ပဲတီစိမ်း၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲထောပတ်၊ ပဲဇီးကွက်နှင့် နှမ်းနက်၊ မြေပဲဆန်တို့မှာ ဇန်နဝါရီ လကုန်ပိုင်းရက်များတွင် ဈေးမြင့်တက်လာကြောင်း ပဲကုန်သည် တစ်ဦးကပြောသည်။

တရုတ်နိုင်ငံအပါအဝင် ဥရောပနိုင်ငံတွေကို ပဲတီစိမ်းတင်ပို့မှုရှိသည့်အပြင် ပဲသစ်တွေလည်း ပေါ်နေတာကြောင့် မန္တလေး ပဲဈေးကွက်က မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်ဈေးကွက်တွင် ပဲတီစိမ်း(ခရမ်းရွှေဝါ)ထိပ်စ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂,၁၄,၀၀၀ ကျော် ပေါက်ဈေးရှိပြီး ပဲတီစိမ်းအညာမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁,၉၀,၀၀၀ ပေါက်ဈေးရှိပြီး ရက်ပိုင်းအတွင်း တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ခန့် ဈေးမြင့်တက်လာကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဇန်နဝါရီလ စတုတ္ထပတ်ပျမ်းမျှ ကွမ်းဈေးနှုန်းနှင့်ဈေးကွက်သုံးသပ်ချက်




၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂.၁.၂၀၂၄)ရက်နေ့မှ (၂၆.၁.၂၀၂၄)ရက်နေ့အထိ ပျမ်းမျှ ကွမ်းဈေးနှုန်းများကို လေ့လာသော် ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာလျှင် ၁၁,၅၀၀ ကျပ်၊ မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ၉,၀၀၀ ကျပ်မှ ၂၁,၀၀၀ ကျပ်၊ မုံရွာဈေးကွက်တွင် ၈,၅၀၀ ကျပ်မှ ၁၉,၀၀၀ ကျပ်၊ ကျောက်ဆည်တွင် ၁၁,၀၀၀ ကျပ်မှ ၁၉,၀၀၀ ကျပ်၊ ရွှေဘိုမြို့တွင် ၁၀,၇၅၀ ကျပ်မှ ၂၁,၀၀၀ ကျပ်၊ မတ္တရာတွင် ၁၈,၀၀၀ ကျပ်မှ ၃၀,၀၀၀ ကျပ်၊ ခင်သာမြို့တွင် ၁၃,၀၀၀ ကျပ်မှ ၂၄,၀၀၀ ကျပ်ဖြင့် အသီးသီး ဈေးဖြစ်နေပါတယ်။

**၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ တတိယပတ်နှင့် စတုတ္ထပတ် ပျမ်းမျှ ကွမ်းဈေးနှုန်းနှိုင်းယှဉ်ခြင်း**

ဇန်နဝါရီလ စတုတ္ထပတ်အတွင်း ပျမ်းမျှကွမ်းဈေးနှုန်းကို လေ့လာသော် ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာလျှင် ပျမ်းမျှ ၁၁,၅၀၀ ကျပ်၊ မန္တလေးဈေးကွက်တွင် ၁၅,၄၀၀ ကျပ်၊ မုံရွာဈေးကွက်တွင် ၁၄,၄၀၀ ကျပ်၊ ကျောက်ဆည်တွင် ၁၅,၄၀၀ ကျပ်၊ ရွှေဘိုတွင် ၁၆,၅၀၀ ကျပ်၊ မတ္တရာတွင် ၂၀,၄၀၀ ကျပ်နှင့် ခင်သာမြို့တွင် ၁၉,၂၀၀ ကျပ်ဖြင့် အသီးသီးဈေးဖြစ်နေပါတယ်။

ယခင် တတိယပတ် ပျမ်းမျှဈေးနှုန်းများမှာ ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာလျှင် ပျမ်းမျှ ၁၂,၅၀၀ ကျပ်၊ မန္တလေးဈေးကွက်တွင် ၉,၀၀၀ ကျပ်၊ မုံရွာဈေးကွက်တွင် ၈,၅၀၀ ကျပ်၊ ကျောက်ဆည်တွင် ၁၁,၀၀၀ ကျပ်၊ ရွှေဘိုတွင် ၁၀,၇၅၀ ကျပ်၊ မတ္တရာတွင် ၁၈,၀၀၀ ကျပ်နှင့် ခင်သာမြို့တွင် ၁၃,၀၀၀ ကျပ်ဖြင့် အသီးသီးဈေးဖြစ်ခဲ့ပါတယ်။

**ဈေးကွက်သုံးသပ်ချက်**

အချုပ်အားဖြင့်ဆိုရသော် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ စတုတ္ထအပတ်အတွင်း ကွမ်းတစ်ပိဿာ ပျမ်းမျှဈေးနှုန်းများမှာ ရန်ကုန်ဈေးကွက်မှလွဲ၍ ကျန်ဈေးကွက်အားလုံး ယခင်တတိယပတ်ထက် ဈေးနှုန်းသိသိသာသာ မြင့်တက်နေကြောင်း သိရပါတယ်။

**Source: https://t.me/htwettoe**

# STOCK EXCHANGE (29.1.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Jan. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 18,687 (Shares) | 33,562,500 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 537 | 4,671,900 | 33,109,694 | 288,054 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 702 | 2,003,500 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 40 | 316,000 | 10,400,986 | 82,168 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,500 | 813 | 1,224,150 | 29,664,613 | 45,980 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 50 | 125,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,900 | 300 | 576,500 | 19,977,223 | 38,956 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,700 | 22 | 103,400 | 10,497,598 | 49,339 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,031 | 1,754,050 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Jan. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 365.37 | -1.04 | -0.28% | 366.41 | 366.41 | 364.46 | 3,495 | 10,774,500 | 8 | 689,162 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:30 pm, 29th Jan. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,096 (Shares) | 27,993,850 (MMK) |

| MYANPIX | 365.62 ▲ 0.25 |
|---|---|
| Total Volume (shares) | 10,096 |
| Total Value (MMK) | 28 mil |
| Listed Company | 8 |
| Market Cap. (MMK) | 689,626 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,950 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |